ပဲရင်းတောင်ကျေးရွာ
ရွာငံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပဲရင်းတောင်ကျေးရွာ
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၄ခုနှစ်

ပဲရင်းတောင်ကျေးရွာ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	ကျေးရွာသယံဇာတပြဓြေပုံ	
၁	တည်နေရာနှင့် ပထဝီဝင်အနေအထား	
၂	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	
၃	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	
၄	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)ငါးလုပ်ငန်း	
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က)ကျေးလက်သယ်ယူကပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	
၆	ပညာရေး	
၇	ကျန်းမာရေး	
၈	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	
၁၀	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၅ဘဏ္ဍာရေးနှစ် မှ ၂၀၂၈/၂၉ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူအများပါဝင် ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များ ကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီ အစဉ်များ၊

ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မ အဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

မတ်လ၊ ၂၀၂၅ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပဲရင်းတောင်ကျေးရွာ
ရွာင်မြို့နယ်

နန်းခုံကျေးရွာအုပ်စု ၊ ပဲခူးတောင်ကျေးရွာ သယံဇာတပြမြေပုံ




ပဲရင်းတောင်ကျေးရွာ ရာသီခွင်ပြဲ ပြဿဒါန်

၁။	အဖည်	တခွဲ	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	ဆောင်းလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
၂။	ရာသီဥတု	☀	☀	🌧	//// ////	//// ////	🌧	🌧	☀	☀	☀	☀	☀
၃။	ခြိုက်ပျိုးရေး	▭		⚒	◁	◁	▭	▭	▭	-	-	-	-
၄။	သောက်သုံးရေ	▭	▭	▭	▭	▭	▭	▭	▭	▭	▭	▭	▭
၅။	မွေးမြူရေး	🐄	🐖	-	-	🐄	-	-	-	🐄	-	-	-
၆။	ကျန်းမာရေး	🧍	🧍	🧍	🧍	-	-	-	🧍	🧍	-	-	-
၇။	ဝင်ငွေ	-	-	-	👜	👜	👜	👜	👜	-	-	-	-
၈။	ဘာသာရေးပွဲတော်	🚶	🐑	-	-	-	-	🏛	🚗	-	-	🎆	-
၉။	ကျပန်း	∽	→	⟋	⟋	◁	◁	◁	⌒	⌒	-	-	-
၁၀။	ပိုးမွှားကျရောက်မှု	-	-	-	🐛	🐛	-	-	🦋	🦋	-	-	-

၂၉.၁၀.၂၀၂၄

ပါဂင်းတောင်ကျေးရွာ အဖွဲ့အစည်းပြဇယား



၂၉.၁၀.၂၀၂၄

၁။ တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

ပဲရင်းတောင်ကျေးရွာသည် ရွာငံမြို့နယ် နန်းခုံကျေးရွာအုပ်စုတွင် ပါဝင်သည်။ ပဲရင်းတောင်ကျေးရွာသည် ရွာငံမြို့နှင့်(၃၀)မိုင်တွင် တည်ရှိသောကျေးရွာ ဖြစ် ပါသည်။ တောင်ကြီး၊အောင်ပန်း၊ရွာငံ ၊မန္တလေးလမ်းမကြီးပေါ်တွင် တည်ရှိပါသည်။လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသဖြင့် သွားလာရလွယ်ကူပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ပဲရင်းတောင်ကျေးရွာသည် အအေးပိုင်းဒေသတွင် တည်ရှိပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့ရာတွင် သစ်တောများပြုန်းတီးလာမှုကြောင့် ရာသီဥတု ဖောက်တတ်ပါသည်။ သဘာဝအရင်း အမြစ်များ အနေဖြင့် သဲတောင်များရှိ၍ အနီးတဝိုက်တွင် သဘာဝပေါက်ပင်များ မရှိပါ။ စားကျက်မြေသီးသန့်မရှိဘဲ သဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါးသွားပြီဖြစ်သည်။

၃။ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအခြေအနေ

ပဲရင်းတောင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၄၄)စုနှင့် ကျား(၃၄၆)၊ မ(၃၅၀)ဦး ဖြင့် လူဦးရေ ပေါင်း (၆၉၆)ဦး ရှိပါသည်။ ကျေးရွာတွင် ဓနုလူမျိုးများနေထိုင်ကြပြီး ၊ပအို့လူမျိုးအနည်းငယ်နှင့် အခြားလူမျိုးများလည်း နေထိုင်ပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ် (၅၀%) ရှိပါသည်။ အမျိုးသားများနည်းတူ အမျိုးသမီးများလည်း လုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်များကို ထိ ရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုး တိုးတက် ရေး အတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး လုပ်ငန်းများ အတွက် အားတက်သရောပါဝင်ဆောင်ရွက် ကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ပဲရင်းတောင်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေရိယာမှာ ကေများစွာရှိပါ သည်။အဓိကအားဖြင့် ယာမြေဖြစ်ပြီး ယာစပါး၊ဂေါ်ဖီထုပ်၊အာလူး၊ပန်းဂေါ်ဖီ၊မုန်ညှင်းနှင့် နှမ်း တို့ကို စိုက်ပျိုးကြပါသည်။ ဆင်းရဲသား အိမ်ထောင်စုများသည် နေ့စားကျပန်းနှင့် ရာသီအလိုက် လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင် ကြပါသည်။

စီးပွားရေးအနေဖြင့် ရာသီအလိုက်စိုက်ပျိုးသော သီးနှံဖြစ်၍ ကုန်စျေးနှုန်းများမှာ စျေးကွက်ပေါ်မူတည်နေပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ပဲရင်းတောင်ကျေးရွာတွင် ကျွဲ၊နွားမွေးမြူထားသော အိမ်ထောင်စု (၁၀)စု ရှိပြီး၊ နွားကောင်ရေ (၈၀)ကောင်၊ကျွဲ(၁၀)ကောင်နှင့် ဝက်မွေးမြူထားသော အိမ်ထောင်စု(၂၅)စု ရှိပြီး ဝက် ကောင်ရေ(၅၀)ကောင်ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများဖြစ်ကြပြီး နွားကိုစုဗူးအဖြစ် မွေးမြူကြသည်။ကျွဲ၊နွားများကို စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း

အသုံးပြုကြပါသည်။ ကျေးရွာတွင် စားကျက်မြေနည်းပါးသောကြောင့် မွေးမြူရေးလုပ်ကိုင်ရန် ခက်ခဲပါသည်။ နွားများအတွက် သောက်သုံးရေ မှာ ဆောင်းရာသီအချိန်တွင် အသင့်အတင့်ရှိပြီး နွေရာသီအချိန်တွင် ရေရှားပါးမှု ကြုံရပါသည်။ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အခက်အခဲပြဿနာမှာ မွေးမြူနိုင်ရန် စားကျက်မြေလုံလောက်မှုမရှိခြင်း ၊ သို့သော်လည်း တိရိစ္ဆာန်ရောဂါ ကျရောက် မှုနှင့် ပတ်သက်၍ နည်းပညာ ဆိုင်ရာ ဝန်ဆောင်မှု ရရှိပါသည်။ စီးပွားဖြစ် မွေးမြူရေး လုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားသာကြပါသည်။

(ဂ) ငါးလုပ်ငန်း

ပဲရင်းတောင်ကျေးရွာသည် တောင်ပေါ်တွင် တည်ရှိသောကြောင့် ငါးလုပ်ငန်းများ ဆောင်ရွက်မှု မရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ပဲရင်းတောင်ကျေးရွာတွင် အိမ်ထောင်စုများသည် မိမိတို့ကိုယ်ပိုင်မြေကွက်များတွင် စိုက်ပျိုး လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများ၊နေ့စားအငှားလိုက် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက် ပါသည်။ အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အားရှိခြင်း စျေးကွက်အသင့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိက လုပ်ကိုင်ကြခြင်း စျေးကွက်လေ့လာနိုင်ခြင်း၊ အခြားဝင်ငွေ ရလုပ်ငန်း လုပ်ကိုင်ရန် စိတ်ဝင်စားသူ အများအပြားရှိပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ပဲရင်းတောင်ကျေးရွာတွင် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ချေးငွေများ ရယူဆောင် ရွက်ကြသည်။အရေးကြီးငွေကြေးလိုအပ်မှု ရှိပါက အပေါင်ပစ္စည်းများထား၍ ဆွေမျိုးများထံ အတိုးပေး ချေးယူကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ပဲရင်းတောင်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေးအတွက် မော်တော်ကား၊ထော်လာကျီနှင့် ဆိုင်ကယ်များကို အဓိကထား အသုံးပြုကြသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း မြန်ဆန်လျက်ရှိသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင် ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်း ကြောင့် အရေးပေါ် ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ပဲရင်းတောင်ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းများသာဖြစ်ပြီး မိုးရာသီကာလတွင် သွားလာရ ခက်ခဲပါသည်။ အောင်ပန်းမြို့သို့ ကုန်စည်တင်ပို့သည့်လမ်းမှာ ကတ္တရာလမ်းဖြစ်သည့်အတွက် သွားလာရလွယ်ကူပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ပဲရင်းတောင်ကျေးရွာတွင် အစိုးရလျှပ်စစ်မီး သုံးစွဲသော အိမ်ထောင်စုများ ရှိပါသည်။ လျှပ်စစ်မီးမသုံးစွဲနိုင်သော အိမ်ထောင်စုများလည်း ရှိပါသည်။ ဆိုလာမီးများ အသုံးပြုကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ပဲရင်းတောင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်းနှင့်ရေဒီယို တို့မှ ရရှိပါသည်။

၆။ ပညာရေး

ပဲရင်းတောင်ကျေးရွာတွင် မူလတန်း ပညာရေးအဆင့်သာ သင်ကြားပြီး အဋ္ဌမတန်းမှ အထက်တန်းအထိ ပညာရေးကို အခြားသောကျောင်းများသို့ သွားရောက်၍ သင်ယူရပါသည်။ လက်ရှိအချိန်တွင် ပညာရေးကို ဦးစားပေးလေ့လာကြသော်လည်း ယခင်အချိန်က ပညာရေး စိတ်ဝင်စားမှု နည်းပါးခြင်းကြောင့် စာမတတ်သူနှင့် မူလတန်းပညာသာ တတ်မြောက်ကြပါ သည်။ အထက်တန်း တက္ကသိုလ် ပညာတတ်မြောက်သူ အနည်းငယ်ရှိပါသည်။ ကျောင်းအုတ်တံတိုင်းကာရံထားခြင်း မရှိသည့် အတွက် နွားများလွယ်ကူစွာ ဝင်ရောက်မှုကြောင့် လုံခြုံမှု မရှိခြင်းများ ဖြစ်ပေါ်ပါသည်။ ကျောင်းသား/ သူများ ပညာရေးကို စိတ်ဝင်စားစေရန် အတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ရန်လည်း လိုအပ် နေပါသည်။ ကျောင်းပရိဘောဂများ အားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု အားနည်းနေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ပဲရင်းတောင်ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးလက်ဆေးပေးခန်းတွင် ရရှိနိုင်ပါသည်။ရွာသူ/သားများ ကြီးကြီးမားမားရောဂါဖြစ်ပွားပါက ပင်းတယမြို့နယ် ဆေးရုံ၊ကလောမြို့နယ်ဆေးရုံသို့ သွားရောက်ကြပါသည်။

ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ရန် လိုအပ်နေပါသည်။

ကျေးရွာတွင်သောက်သုံးရန်အတွက် မိုးရေလှောင်ကန်များကို အသုံးပြုကြပါ သည်။နွေရာသီတွင် သောက်သုံးရေအတွက် ရှားပါးလျက်ရှိပါသည်။

ပဲရင်းတောင်ကျေးရွာတွင် ရွာလုံးကျွတ် ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။ ကျန်းမာရေး အတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာလူထုအား ကျန်းမာရေးဟော ပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိနေကြပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ပဲရင်းတောင်ကျေးရွာတွင် ယခုလက်ရှိ အချိန်ထိ သဘာဝဘေး အန္တရာယ်ကြီးမားစွာ ကျရောက်မှု မရှိပါ။ ဘေးအန္တရာယ်ကျရောက်လာပါကလည်း ကာကွယ်ရန်နည်းလမ်းများ လည်းမရှိပါ။ အမှိုက်စွန့်ပစ်ရာတွင် မိမိအိမ်၌သာ မီးရှို့စွန့်ပစ်လျက်ရှိကြပြီး ကျေးရွာတွင်း အမှိုက်ပုံးများ ထားရှိကြပါသည်။

၉။ ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေ နှင့် အမျိုးသားဦးရေမှာ တန်းတူညီ မျှမှုရှိပါသည်။ ကျေးရွာအဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်မှုနည်းပါးပါသည်။ သာရေးနာ ရေးလုပ်ငန်းများတွင်လည်း အမျိုးသား/အမျိုးသမီးများ၏ စိတ်ဓါတ်စွမ်းရည်ကို မြှင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး/ လူမှုရေး/ အုပ်ချုပ်ရေး စသည့်တို့တွင် ပါဝင်လာစေရန်အတွက် ပညာရေး ဟောပြောပွဲများ ပြုလုပ်၍ အမျိုးသား/အမျိုးသမီးများ ပါဝင်အောင်စည်းရုံးလုပ်ဆောင်ရန် လိုအပ် နေပါသည်။

၁၀။ ပဲရင်းတောင်ကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ နောက်ဆက်တွဲ(၁)

ကျေးရွာအုပ်စုအမည်- နန်းခုံကျေးရွာအုပ်စု ကျေးရွာအမည်- ပဲရင်းတောင်ကျေးရွာ

စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့် လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	ဖွံ့ဖြိုးရေး	ဂါလံ(၂၀၀၀၀)ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်ရန်	ဂါလံ(၂၀၀၀၀)ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်း	
၂။	ပညာရေး	မူကြိုကျောင်း ကြမ်းခင်းပြုပြင်ရန်	စာသင်ကျောင်းဆောင် ဆောက်လုပ်ခြင်း	
၃။	ဖွံ့ဖြိုးရေး	ကျေးရွာတွင်း လမ်း ကွန်ကရစ်ခင်းရန်	အမှိုက်မီးရှို့ကန် တည်ဆောက်ခြင်း	
၄။	ဖွံ့ဖြိုးရေး	ကုန်ထုတ်လမ်း ဖောက်လုပ်ရန်	ရေပြွန်တည်ဆောက်ခြင်း	
၅။	ပညာရေး	စာသင်ကျောင်း အုတ်တံတိုင်း ကာရံရန် လိုအပ်ခြင်း	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	

ပဲရင်းတောင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များစာရင်း နောက်ဆက်တွဲ(၂)

စဉ်	အမည်	ရာထူး	မှတ်ပုံတင်အမှတ်	ဖုန်းနံပါတ်	မှတ် ချက်
၁	ဦးမျိုးဝင်းဇော်	ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၃၀၂၆၀	၀၉-၂၅၅၅၁၄၁၅	
၂	ဒေါ်တင်မာဝင်း	အတွင်းရေးမှူး	၁၃/ရငန(နိုင်)၀၄၀၇၉၉	၀၉-၂၅၆၇၈၃၈၄၄	
၃	ဦးမြင့်သန်း	ဘဏ္ဍာရေးမှူး	၁၃/ရငန(နိုင်)၀၂၁၀၂၃	၀၉-၂၆၀၁၆၀၉၂၉	
၄	ဦးထွန်းထွန်း	ဝယ်/ဆပ်ကော်မတီ ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၃၅၉၈၈	၀၉-၆၆၃၉၄၀၃၉၂	
၅	ဦးစိုးမင်းနောင်	စာရင်းကိုင်	၁၃/ရငန(နိုင်)၀၄၆၈၈၉	၀၉-၄၂၄၉၃၁၁၀၅	
၆	ဒေါ်အေးမွန်	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၄၀၉၀၃	၀၉-၄၅၅၉၈၈၈၂၈	
၇	ဒေါ်မာမိုး	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၆၃၂၃၅	၀၉-၄၀၄၈၈၅၀၁၇	

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(ပဲရင်းတောင်ကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	သောက်သုံးရေလုံလောက်မှုမရှိခြင်း	မိုးရေလျှောင်ကန်မရှိခြင်း	ကျေးရွာမှလုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ဂါလံ(၂၀၀၀၀)ဆံ့အုတ်ရေလျှောင်ကန်တည်ဆောက်ခြင်း
၂။	ကျောင်းဆောင်လုံလောက်မှု အားနည်းခြင်း	ကျောင်းသား/ကျောင်းသူ အရေအတွက်များလာခြင်း	ကျေးရွာမှလုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း
၃။	ရွာအနီးတစ်ဝိုက်သန့်ရှင်းသပ်ရပ်မှုနည်းပါးခြင်း	အမှိုက်စနစ်တကျမီးရှို့ရန် အမှိုက်မီးရှို့ကန်လိုအပ်ခြင်း	ကျေးရွာမှလုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	အမှိုက်မီးရှို့ကန်တည်ဆောက်ခြင်း
၄။	ရေပြွန်မရှိခြင်းနှင့် လမ်းများပျက်စီးခြင်း	မိုးရာသီတွင် ရေများလမ်းပေါ်စီး၍ လမ်းများပျက်စီးခြင်း	ကျေးရွာမှလုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ရေပြွန်တည်ဆောက်ခြင်း
၅။	မြေသားလမ်းကျဉ်းခြင်းနှင့် ကုန်စည်စီးဆင်းမှုနှောင့်နှေးခြင်း	ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန်အတွက် ကုန်ထုတ်လမ်းလိုအပ်ခြင်း	ကျေးရွာမှလုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကုန်ထုတ်လမ်းဖောက်လုပ်ြခြင်း

ပဲရင်းတောင်ကျေးရွာနှင့် နှစ်အလိုက် ဦးစားပေးလုပ်ငန်းလျာထားချက်

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇	၂၀၂၈
၁။	ဂါလံ(၂၀၀၀၀)ဆံ့ အုတ်ရေလှောင်ကန် တည်ဆောက်ခြင်း	၁	၂				
၂။	စာသင်ကျောင်းဆောင် ဆောက်လုပ်ခြင်း	၂		၂			
၃။	အမှိုက်မီးရှို့ကန် တည်ဆောက်ခြင်း	၃			၂		
၄။	ရေပြွန်တည်ဆောက်ခြင်း	၄				၂	
၅။	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၅					၂